# M&AOSB ၏ သုံးလပတ်ကာလအတွင်း ဆောင်ရွက်ပြီးစီးခဲ့သော CSR လုပ်ငန်းအစီအစဉ်များ

## စွမ်းရည်မြှင့်တင်ခြင်း (Capacity Building)

- M&AOSB စီမံကိန်းနယ်မြေရုံးဝင်း၌ "သုတပင်လယ်" အမည်ဖြင့် စာကြည့်တိုက်ဖွင့်လှစ်ထားရှိပြီး စာအုပ်များငှားရမ်းပေးခြင်း။
- "သုတပင်လယ်" စာကြည့်တိုက်၌ ပုံပြင်ပြောခြင်းနှင့် ဖန်တီးလေ့လာခြင်းအစီအစဉ်ကို လစဉ်အကောင်အထည်ဖော်ဆောင်ရွက်ခြင်း။

## ဒေသတွင်းအခြေခံအဆောက်အဦ ဖွံ့ဖြိုးတိုးတက်ရေး (Community Infrastructure Development)

- ငရုတ်ကောင်းမြို့၊ ကြွေချိုင်ကျေးရွာအုပ်စုနှင့် နံ့သာပုကျေးရွာအုပ်စုရှိ အထက်တန်းကျောင်းများ၏ ကျောင်းတွင်းအခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းပံ့ပိုးခြင်း။

## အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ် (Operational Grievance Mechanism – OGM)

- ၂၀၁၇ ခုနှစ်မှ ယနေ့အထိပေးပို့လာသော အကြံပြုစာပေါင်း – (၇) စောင်။
- အကြံပြုချက်များအရ ဖြေရှင်းဆောင်ရွက်ပေးမှုအပေါ် ရာနှုန်းပြည့် ကျေနပ်လက်ခံခြင်း။

## CSR လုပ်ငန်းဆောင်ရွက်ချက်များ အစီရင်ခံတင်ပြခြင်း (Communicating CSR)

- ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလမှ မတ်လအထိ ဆောင်ရွက်ပြီးစီးခဲ့သော M&AOSB ကုမ္ပဏီ၏ CSR လုပ်ငန်းဆောင်ရွက်ချက်များကို ငရုတ်ကောင်းမြို့၊ ကြွေချိုင်ကျေးရွာအုပ်စု၊ နံ့သာပုကျေးရွာအုပ်စုနှင့် စီမံကိန်းနယ်မြေရုံးဝင်းရှိ ကြော်ငြာသင်ပုန်းများ၌ အသိပေးဖော်ပြခြင်း။
- ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလမှ မတ်လအထိ ဆောင်ရွက်ပြီးစီးခဲ့သော M&AOSB ကုမ္ပဏီ၏ CSR လုပ်ငန်းဆောင်ရွက်ချက်များ စုစည်းတင်ပြထားသည့် လက်ကမ်းစာစောင်များကို ငရုတ်ကောင်းမြို့၊ ကြွေချိုင်ကျေးရွာအုပ်စုနှင့် နံ့သာပုကျေးရွာအုပ်စုရှိ ရပ်မိရပ်ဖများထံ ဖြန့်ဝေခြင်း။
- CSR လုပ်ငန်းဆောင်ရွက်ချက်များအပါအဝင် စီမံကိန်းနှင့်ဆက်နွယ်သော လုပ်ငန်းတိုးတက်မှုအခြေအနေများကို ကုမ္ပဏီ၏ဆက်သွယ်ပြန်ကြားရေး စာမျက်နှာများတွင် အချိန်နှင့်တစ်ပြေးညီ အစီရင်ခံတင်ပြခြင်း။
- ခြောက်လတစ်ကြိမ် ပေးပို့တင်ပြရသော ပတ်ဝန်းကျင်စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသို့ (၁၄) ကြိမ်မြောက် ပေးပို့တင်ပြခြင်း။

## လှူဒါန်းထောက်ပံ့ခြင်း (Sponsorship and Philanthropy)

- မြန်မာနှစ်ဆန်းတစ်ရက်နေ့တွင် နံ့သာပုကျေးရွာလူထုနှင့်အတူ နှစ်သစ်ကူးအန္တရာယ်ကင်း ပရိတ်တရားနာယူခြင်းနှင့် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်း။

## ဒေသခံများဦးစီးဆောင်ရွက်သော စွန့်ပစ်အမှိုက် စီမံခန့်ခွဲမှုအစီအစဉ် (Community-led Waste Management Program)

- ဂေါ်ရန်ကျီဒေသ သန့်ရှင်းသာယာရေးအတွက် တက်ကြွလှုပ်ရှားသော Trash Hero Gaw Yan Gyi အမှိုက်ကောက်သူရဲကောင်းအဖွဲ့၏ စုပေါင်းအမှိုက်ကောက်လှုပ်ရှားမှုများတွင် နံ့သာပုကျေးရွာလူထုနှင့်အတူ ပူးပေါင်းပံ့ပိုးခြင်း။
- ကျေးရွာလူထုစီမံခန့်ခွဲသော သဘာဝမြေဆွေးကန်အစီအစဉ်ကို နံ့သာပုကျေးရွာအုပ်စု၏ ဇင်ယော်ချောင်ရပ်ကွက်၌ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း။
- "၂၀၂၆ ခုနှစ်၊ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့" အထိမ်းအမှတ်အဖြစ် အသိပညာပေးဟောပြောပွဲနှင့် စာစီစာကုံးပြိုင်ပွဲ ကျင်းပပြုလုပ်ခြင်း။

## သက်ဆိုင်ရာလူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများနှင့် ထိတွေ့ဆက်ဆံခြင်း၊ အသိပေးတင်ပြခြင်း (Stakeholder Engagement)

- တွေ့ဆုံဆွေးနွေးမှုအကြိမ်ပေါင်း (၄၃) ကြိမ်
- တွေ့ဆုံဆွေးနွေးခဲ့သူပေါင်း (၅၆) ဦး
- တွေ့ဆုံဆွေးနွေးမှုကြာချိန်ပေါင်း (၄၇) နာရီ

# M&AOSB ၏ သုံးလပတ်ကာလအတွင်း ဆောင်ရွက်ပြီးစီးခဲ့သော
# CSR လုပ်ငန်းအစီအစဉ်များ

M&AOSB ကုမ္ပဏီ၏ CSR အစီအစဉ်သည် စီမံကိန်းနယ်မြေဒေသ၌ အခြေခံအဆောက်အဦများ တိုးတက်ကောင်းမွန်စေရန် ရည်ရွယ်၍ ဒေသတွင်းစာသင်ကျောင်းများ၏ အခြေခံလိုအပ်ချက်များကို ၂၀၂၆-၂၀၂၇ ပညာသင်နှစ်တွင် အဓိကကူညီပံ့ပိုးခဲ့ပါသည်။ ဤသို့ဖြင့် နံ့သာပုကျေးရွာအုပ်စု အခြေခံပညာအထက်တန်းကျောင်း (ခွဲ) ၌ “စွယ်တော်ဆောင်” ပြတင်းတံခါးများ ပြုပြင်လဲလှယ်တပ်ဆင်ခြင်းနှင့် ပညာသင်ကြားရေးတွင် လိုအပ်လျက်ရှိသော အထက်တန်းပြဆရာတစ်ဦး ငှားရမ်းခန့်ထား သင်ကြားနိုင်စေရန် ဘဏ္ဍာငွေထောက်ပံ့ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။ ထို့ပြင် ကြွေချိုင်ကျေးရွာအုပ်စု အခြေခံပညာအထက်တန်းကျောင်း (ခွဲ) တွင် လိုအပ်နေသော ကျောင်းသုံးသင်ပုန်းများ ပံ့ပိုးခြင်းနှင့် အိမ်သာအုတ်ရေကန် ဆောက်လုပ်ခြင်းကိုလည်းကောင်း၊ ငရုတ်ကောင်းမြို့ အခြေခံပညာအထက်တန်းကျောင်းရှိ စာသင်ဆောင်အခန်းနံရံများ ပြန်လည်ပြုပြင်၍ ဆေးသုတ်ခြင်းလုပ်ငန်းများကိုလည်းကောင်း M&AOSB ၏ CSR အစီအစဉ်ဖြင့် ပံ့ပိုးကူညီပေးခဲ့ပါသည်။















ရောဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ နံ့သာပုကျေးရွာအုပ်စု၊
အခြေခံပညာအထက်တန်းကျောင်း(ခွဲ)နံ့သာပု

## ဂုဏ်ပြုမှတ်တမ်းလွှာ

ရောဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ နံ့သာပုကျေးရွာအုပ်စု၊
အခြေခံပညာအထက်တန်းကျောင်း(ခွဲ)နံ့သာပုရှိ **"စွယ်တော်ဆောင်"**
ပြတင်းတံခါးများ ပြုပြင်လဲလှယ်တပ်ဆင်ခြင်းလုပ်ငန်းအတွက်
ကုန်ကျစရိတ်စုစုပေါင်း **ကျပ် ၁,၆၄၀,၄၀၀/-**
**(ကျပ်တစ်ဆယ့်ခြောက်သိန်းလေးသောင်းလေးရာတိတိ)** ကို
M&AOSB (CSR အစီအစဉ်) မှ ပံ့ပိုးပါသောကြောင့် ဤဂုဏ်ပြုလွှာဖြင့်
မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။

| | | | |
|---|---|---|---|
| လက်မှတ် | | | |
| အမည် | | | |
| | ကျောင်းတာဝန်ခံ<br>အ.ထ.က (ခွဲ) နံ့သာပု | ကျေးရွာအုပ်ချုပ်ရေးမှူး<br>နံ့သာပုကျေးရွာအုပ်စု | ကျောင်းဖွံ့ဖြိုးရေးကော်မတီ<br>နံ့သာပုကျေးရွာအုပ်စု |

ရက်စွဲ ။ ။ ၂၀၂၆ ခုနှစ်၊ ဇွန်လ ( ၁၉ ) ရက်





နံ့သာပုကျေးရွာအုပ်စု အခြေခံပညာအထက်တန်းကျောင်း (ခွဲ) ၌ “စွယ်တော်ဆောင်” ပြတင်းတံခါးများ ပြုပြင်လဲလှယ်တပ်ဆင်ခြင်း










ရောဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ ကျွေချိုင်ကျေးရွာအုပ်စု၊
အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ကျွေချိုင်

ဂုဏ်ပြုမှတ်တမ်းလွှာ

ရောဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ ကျွေချိုင်ကျေးရွာအုပ်စု၊
အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ကျွေချိုင်တွင် လိုအပ်လျက်ရှိသော
ကျောင်းသုံးသင်ပုန်းများဝယ်ယူခြင်းနှင့် အိမ်သာအုတ်ရေကန် ဆောက်လုပ်ခြင်းအတွက်
ကုန်ကျစရိတ်စုစုပေါင်း **ကျပ် ၁,၉၁၂,၉၀၀/-**
**(ကျပ်တစ်ဆယ့်ကိုးသိန်းတစ်သောင်းနှစ်ထောင်ကိုးရာတိတိ)** ကို
M&A OSB (CSR အစီအစဉ်) မှ ပံ့ပိုးပါသောကြောင့် ဤဂုဏ်ပြုလွှာဖြင့်
မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။

လက်မှတ်

အမည်

| ကျောင်းအုပ်ကြီး | ကျေးရွာအုပ်ချုပ်ရေးမှူး | ကျောင်းဖွံ့ဖြိုးရေးကော်မတီ |
|---|---|---|
| အ.ထ.က (ခွဲ) ကျွေချိုင် | ကျွေချိုင်ကျေးရွာအုပ်စု | ကျွေချိုင်ကျေးရွာအုပ်စု |

ရက်စွဲ ။ ။ ၂၀၂၆ ခုနှစ်၊ ဇွန်လ (၁၅) ရက်







ကျွေချိုင်ကျေးရွာအုပ်စု အခြေခံပညာအထက်တန်းကျောင်း (ခွဲ) တွင် ကျောင်းသုံးသင်ပုန်းများ ပံ့ပိုးခြင်းနှင့် အိမ်သာအုတ်ရေကန် ဆောက်လုပ်ခြင်း







ရောဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ ငရုတ်ကောင်းမြို့၊
ငရုတ်ကောင်းအခြေခံပညာအထက်တန်းကျောင်း

ဂုဏ်ပြုမှတ်တမ်းလွှာ

ရောဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ ငရုတ်ကောင်းမြို့၊
ငရုတ်ကောင်းအခြေခံပညာအထက်တန်းကျောင်းရှိ
စာသင်ဆောင်အခန်းကာများ ပြုပြင်လဲလှယ်တပ်ဆင်ခြင်းလုပ်ငန်းအတွက်
ကုန်ကျစရိတ်စုစုပေါင်း **ကျပ် ၁,၇၇၈,၀၀၀/-**
**(ကျပ်တစ်ဆယ့်ခုနစ်သိန်းခုနစ်သောင်းရှစ်ထောင်တိတိ)** ကို
M&AOSB (CSR အစီအစဉ်) မှ ပံ့ပိုးပါသောကြောင့် ဤဂုဏ်ပြုလွှာဖြင့်
မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။

လက်မှတ်

အမည်

| ကျောင်းအုပ်ကြီး | ရပ်ကွက်အုပ်ချုပ်ရေးမှူး | ကျောင်းဖွံ့ဖြိုးရေးကော်မတီ |
|---|---|---|
| အ.ထ.က ငရုတ်ကောင်း | ငရုတ်ကောင်းမြို့ | ငရုတ်ကောင်းမြို့ |

ရက်စွဲ ။ ။ ၂၀၂၆ ခုနှစ်၊ ဇွန်လ (၁၅) ရက်





ငရုတ်ကောင်းမြို့ အခြေခံပညာအထက်တန်းကျောင်းရှိ စာသင်ဆောင်အခန်းနံရံများ ပြန်လည်ပြုပြင်၍ ဆေးသုတ်ခြင်း

# M&AOSB ၏ သုံးလပတ်ကာလအတွင်း ဆောင်ရွက်ပြီးစီးခဲ့သော CSR လုပ်ငန်းအစီအစဉ်များ

“၂၀၂၄ ခုနှစ်၊ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့” ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် M&AOSB ကုမ္ပဏီ၏ CSR အစီအစဉ်သည် ဧရာဝတီတိုင်းဒေသကြီး၊ ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ နံ့သာပုကျေးရွာအုပ်စု အခြေခံပညာအထက်တန်းကျောင်း (ခွဲ) တို့နှင့် ပူးပေါင်း၍ အသိပညာပေးဟောပြောပွဲနှင့် စာစီစာကုံးပြိုင်ပွဲကို ၂၀၂၄ ခုနှစ်၊ ဇွန်လ (၅) ရက်နေ့တွင် အဆိုပါစာသင်ကျောင်း၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ ဤလှုပ်ရှားမှုကို “၂၀၂၄ ခုနှစ်၊ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့” ၏ ဆောင်ပုဒ်ဖြစ်သော “ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ဖို့ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်စို့” ခေါင်းစဉ်အောက်တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။ ဟောပြောပွဲသို့ အလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမ များ အပါအဝင် လူပေါင်း (၁၂၁) ဦး တက်ရောက်ခဲ့ပါသည်။ ထို့ပြင် အဆိုပါခေါင်းစဉ်ဖြင့် စာစီစာကုံးပြိုင်ပွဲကိုလည်း ထည့်သွင်းကျင်းပခဲ့ရာ ကျောင်းသား၊ ကျောင်းသူ (၁၁) ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး၊ ပြိုင်ပွဲဝင်များအနက် အကောင်းဆုံးရေးသားနိုင်သူ (၃) ဦးကို ရွေးချယ်၍ ပထမ၊ ဒုတိယနှင့် တတိယဆုများကို အသီးသီး ချီးမြှင့်ပေးအပ်ခဲ့ပါသည်။











www.myintassociatesosb.com MAOffshoreSupplyBase myanmar_maosb

M&AOSB ကုမ္ပဏီ၏ CSR လုပ်ငန်းအဖွဲ့သည် Trash Hero Gaw Yan Gyi အမှိုက်ကောက်သူရဲကောင်းအဖွဲ့၊ နံ့သာပုကျေးရွာလူထုတို့နှင့်ပူးပေါင်း၍ “ကျေးရွာလူထုစီမံခန့်ခွဲသော သဘာဝမြေဆွေးကန်အစီအစဉ်” ကို ၂၀၂၆ ခုနှစ်၊ မတ်လတွင် စတင်ခဲ့ပြီး ဧပြီလတွင် ဇင်ယော်ချောင်ရပ်ကွက်၌ သဘာဝမြေဆွေးကန်တစ်ကန် တည်ဆောက်ခဲ့ပါသည်။ ဤစီမံကိန်းသည် ဒေသခံအိမ်ထောင်စုများအကြား နေ့စဉ်ထွက်ရှိသော မီးဖိုချောင်နှင့် ဥယျာဉ်ခြံထွက် စွန့်ပစ်အမှိုက်များကို စနစ်တကျ ခွဲခြားစွန့်ပစ်တတ်စေရန်နှင့် ဆွေးမြေ့နိုင်သည့် စွန့်ပစ်အမှိုက်များမှတစ်ဆင့် သဘာဝမြေဩဇာ ထုတ်လုပ်နည်းကို လက်တွေ့လေ့လာသိရှိ၍ စိုက်ပျိုးရေးတွင် ပြန်လည်အသုံးပြုနိုင်စေရန် ရည်ရွယ်ပါသည်။ ထို့ပြင် ဒေသခံများတွင် သဘာဝပတ်ဝန်းကျင်ချစ်စိတ်နှင့် ရပ်ရွာအကျိုးပြုစိတ်ဓာတ်များလည်း ပိုမိုကိန်းအောင်းစေရန်မျှော်မှန်း၍ ဖော်ဆောင်ခြင်းဖြစ်ပါသည်။










# M&AOSB ၏ သုံးလပတ်ကာလအတွင်း ဆောင်ရွက်ပြီးစီးခဲ့သော CSR လုပ်ငန်းအစီအစဉ်များ

M&AOSB ၏ CSR အစီအစဉ်သည် ဂေါ်ရန်ဂျီပတ်ဝန်းကျင်သန့်ရှင်းရေးအတွက် တက်ကြွလှုပ်ရှားသော Trash Hero Gaw Yan Gyi အမှိုက်ကောက်သူရဲကောင်းအဖွဲ့၏ စုပေါင်းအမှိုက်ကောက်လှုပ်ရှားမှုများတွင် နံ့သာပုကျေးရွာလူထုနှင့်ပူးပေါင်း၍ လိုအပ်သည့်ကူညီမှုများ ပံ့ပိုးခဲ့ပါသည်။ ၂၀၂၆ ခုနှစ်၊ ဧပြီလမှ ဇွန်လအထိ Trash Hero Gaw Yan Gyi အမှိုက်ကောက်သူရဲကောင်းအဖွဲ့သည် ကျောက်ခြေထောက်ကမ်းခြေ၊ ဇင်ယော်ချောင်ရပ်ကွက်နှင့် အလယ်ကုန်းရပ်ကွက်တို့၌ စုပေါင်းအမှိုက်ကောက်လှုပ်ရှားမှုများပြုလုပ်ခဲ့ရာ အဆိုပါလှုပ်ရှားမှုများတွင် အမှိုက်ကောက်သူရဲကောင်း လူကြီး (၁၂) ဦး၊ ကလေး (၈၀) ဦးနှင့် စုစုပေါင်းသူရဲကောင်း (၉၂) ဦး ပါဝင်အမှိုက်ကောက်ခဲ့ပြီး အမှိုက်ကီလိုပေါင်း (၃၀) ကီလိုကို ကောက်ယူသိမ်းဆည်းနိုင်ခဲ့ပါသည်။











I'M A TRASH HERO












I'M A TRASH HERO


I'M A TRASH HERO


FORLAND

# M&AOSB ၏ သုံးလပတ်ကာလအတွင်း ဆောင်ရွက်ပြီးစီးခဲ့သော
# CSR လုပ်ငန်းအစီအစဉ်များ

M&AOSB စီမံကိန်းနယ်မြေဒေသရှိ ဒေသခံများတွင် အသိပညာဗဟုသုတများ ပိုမိုတိုးများစေရန်အတွက် “သုတပင်လယ်” အမည်ရှိ စာကြည့်တိုက်ကို စီမံကိန်းနယ်မြေရုံးဝင်း၌ ကုမ္ပဏီ၏ CSR အစီအစဉ်ဖြင့် ဖွင့်လှစ်လျက်ရှိရာ စာကြည့်တိုက် စတင်ဖွင့်လှစ်သည့် ၂၀၂၄ ခုနှစ်၊ မတ်လမှ ၂၀၂၆ ခုနှစ်၊ ဇွန်လအထိ စာကြည့်တိုက်တွင် အသင်းဝင်ဦးရေ (၉၉) ဦးရှိပြီး စာအုပ်ငှားရမ်းမှုအကြိမ်ရေ (၄၉၀) ကြိမ် ရှိခဲ့ပါသည်။ သုတပင်လယ်စာကြည့်တိုက်တွင် စာအုပ်ပေါင်း (၄၇၄) အုပ်ရှိပြီး တနင်္လာနေ့မှ သောကြာနေ့အတွင်း နေ့လယ် (၂:၀၀) နာရီမှ ညနေ (၄:၃၀) နာရီအထိ စာအုပ်များငှားရမ်းနိုင်ကြောင်း ကြေညာထားပါသည်။ ထို့ပြင် ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလမှစ၍ သုတပင်လယ် စာကြည့်တိုက်အသင်းဝင်များအနေဖြင့် ၎င်းတို့ဖတ်ရှုလိုသော စာအုပ်စာစောင်များကို တင်ပြတောင်းဆိုနိုင်သည့် စာအုပ်စာစောင် တောင်းဆိုမှုအစီအစဉ်ကိုလည်း မိတ်ဆက်ခဲ့ပါသည်။ စာကြည့်တိုက်အသင်းဝင်များ တောင်းဆိုထားသော စာအုပ်များကို M&AOSB ၏ CSR အစီအစဉ်ဖြင့် ဝယ်ယူ၍ သုတပင်လယ်စာကြည့်တိုက်တွင် ထားရှိပေးခဲ့ပါသည်။













# M&AOSB ၏ သုံးလပတ်ကာလအတွင်း ဆောင်ရွက်ပြီးစီးခဲ့သော CSR လုပ်ငန်းအစီအစဉ်များ

M&AOSB ကုမ္ပဏီ၏ CSR အစီအစဉ်သည် ဒေသခံများ စွမ်းရည်မြှင့်တင်ခြင်း အစီအစဉ်တစ်စိတ်တစ်ပိုင်းအနေဖြင့် သုတပင်လယ်စာကြည့်တိုက်တွင် အသိပညာမျှဝေခြင်းနှင့် ဖန်တီးလေ့လာခြင်း လစဉ်အစီအစဉ်ကို ၂၀၂၆ ခုနှစ်၊ ဧပြီလ (၂၆) ရက်နေ့နှင့် မေလ (၂၄) ရက်နေ့တို့တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။ ဤအစီအစဉ်သည် M&AOSB စီမံကိန်းနယ်မြေဝန်းကျင်ရှိ ကလေးများအတွက် အသိပညာတိုးပွားစေရန်၊ စိတ်ကူးစိတ်သန်းများ တိုးတက်ကောင်းမွန်စေရန်နှင့် ဆန်းသစ်တီထွင်လိုစိတ်ကိုအားပေးရန် ရည်ရွယ်ပါသည်။















# M&AOSB ၏ သုံးလပတ်ကာလအတွင်း ဆောင်ရွက်ပြီးစီးခဲ့သော CSR လုပ်ငန်းအစီအစဉ်များ

M&AOSB ကုမ္ပဏီသည် မြန်မာသက္ကရာဇ် ၁၃၈၈ ခုနှစ်၊ မြန်မာနှစ်ဆန်းတစ်ရက်နေ့တွင် နံ့သာပုကျေးရွာအုပ်စု၏ တောင်ပေါ်ကျောင်းဆရာတော်အမှူးရှိသော သံဃာတော်များထံမှ နှစ်သစ်ကူးအန္တရာယ်ကင်း ပရိတ်တရားနာယူခြင်းနှင့် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်းတို့ကို နံ့သာပုကျေးရွာလူထုနှင့်အတူ ပူးပေါင်းဆောင်ရွက်ခဲ့ပါသည်။





၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလမှ မတ်လအထိ ဆောင်ရွက်ပြီးစီးခဲ့သော M&AOSB ကုမ္ပဏီ၏ CSR လုပ်ငန်းဆောင်ရွက်ချက်များကို ငရုတ်ကောင်းမြို့၊ ကြွေချိုင်ကျေးရွာအုပ်စု၊ နံ့သာပုကျေးရွာအုပ်စုနှင့် စီမံကိန်းနယ်မြေရုံးဝင်းရှိ ကြော်ငြာသင်ပုန်းများ၌ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလအတွင်း အသိပေးဖော်ပြခဲ့ပါသည်။ ထို့ပြင် M&AOSB ၏ CSR လုပ်ငန်းဆောင်ရွက်ချက်များ စုစည်းတင်ပြထားသည့် လက်ကမ်းစာစောင်များနှင့် M&AOSB ၏ မိတ်ဖက်ကုမ္ပဏီဖြစ်သည့် MPRL E&P ကုမ္ပဏီ၏ မန်းရေနံမြေဒေသဖွံ့ဖြိုးရေး CSR လုပ်ငန်းဆောင်ရွက်ချက်များကို စုစည်းတင်ပြထားသည့် "တို့မန်းမြေ" သတင်းလွှာတို့ကိုလည်း ငရုတ်ကောင်းမြို့၊ ကြွေချိုင်ကျေးရွာအုပ်စုနှင့် နံ့သာပုကျေးရွာအုပ်စုရှိ ရပ်မိရပ်ဖများထံ ၂၀၂၆ ခုနှစ်၊ ဧပြီလအတွင်း ဖြန့်ဝေခဲ့ပါသည်။



